# ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဂျီနီဗာမြို့၌ချုပ်ဆိုသည့် နောက်ဆက်တွဲနားလည်မှု စာချွန်လွှာနှင့် ယင်း၏ အစည်းအဝေးမှတ်တမ်းအား သက်တမ်းတိုးမြှင့်ခြင်း သဘောတူညီချက်နှင့် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်၌ ချုပ်ဆိုသော အဆိုပါနောက်ဆက်တွဲနားလည်မှု စာချွန်လွှာအား စမ်းသပ်ကာလ တစ်နှစ် သက်တမ်းတိုးမြှင့်ခြင်း သဘောတူညီချက်

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့က အောက်တွင်လက်မှတ်ရေးထိုးသော အခွင့်ရကိုယ်စားလှယ်များဖြင့် ချုပ်ဆိုလိုက်သည်။ "နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ" ၏အပိုဒ် ၁၀ (ဤမှနောက်တွင် "နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ" ဟုရည်ညွှန်းသည်) ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ "အစည်းအဝေးမှတ်တမ်း" (ဤမှနောက်တွင် "အစည်းအဝေးမှတ်တမ်း" ဟုရည်ညွှန်းသည်) နှင့် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်၌ချုပ်ဆိုသောအဆိုပါ "နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် ယင်း၏အစည်းအဝေးမှတ်တမ်းအား သက်တမ်းတိုးမြှင့်ခြင်းသဘောတူညီချက်" တို့ကိုမှတ်သား၍ အောက်ပါအတိုင်း သဘောတူညီကြပါသည် -

၁။ စာချုပ်ဝင်နှစ်ဦးလုံးသည် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာနှင့် ယင်း၏လိုအပ်သော အစိတ်အပိုင်းဖြစ်သည့် အစည်းအဝေးမှတ်တမ်းအား အလားတူ စမ်းသပ်မှုအခြေခံအဖြစ် ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ တစ်နှစ်ဖြစ်သည့် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ရန် သဘောတူညီကြပါသည်။

၂။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်း၏ ရည်ရွယ်ချက်နှင့်စာသားများမှာမူလအတိုင်း မပြောင်းမလဲ တည်ရှိသည်။

၃။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်းသည် အောက်တွင်ဖော်ပြထားသော စာချုပ်ဝင်များ၏ အခွင့်ရကိုယ်စားလှယ်များက လက်မှတ်ရေးထိုးသည့်အခါ ဥပဒေကြောင်းအရ ဆက်လက်အကျိုးသက်ရောက်မှု ရှိမြဲရှိစေရမည်။

၄။ ဤသဘောတူညီချက်ကို နောက်တစ်ကြိမ်ကျင်းပမည့် အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးသို့ တင်သွင်းသွားမည်ဖြစ်ပါသည်။

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နေပြည်တော်တွင် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့၌ ချုပ်ဆိုကြပါသည်။

x x x x

(ဗိုလ်မှူးချုပ်တင်ထွန်းအောင်)
ဒုတိယဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

x x x x

(မစ္စတာကာရီတာပီအိုလာ)
အမှုဆောင်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာ
အလုပ်သမားရေးရာအဖွဲ့